
စိတ်ကူးချိုချိုအနုပညာ
mgyee.com

# အာဏာပသည့်ညှာပါ



သိမ်းတင်ဘား

mgyee.com

mgyoe.com



# အာဏာပသညွှာပ

ဝင်
သိမ်းတင်သား

UTTT0006
1,700.00 KS

mgyoe.com

mgyoe.com

အာလာပသလ္လာပ၊ သိမ်းတင်သား
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၈၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | က |
| ၁။ | "အုတ်ခဲ" အကြောင်း သိကောင်းစရာ | ၁ |
| ၂။ | ရောင်ပြဲ... လစ်ပြီကွ | ၃ |
| ၃။ | ဘုန်းကြီးတွေ မသိတဲ့ ပါဠိပျက်စာလုံး | ၈ |
| ၄။ | ဘယ်လိုကြည့်မလဲ... ပြော | ၁၆ |
| ၅။ | ပရစရ... ဘဏ်လာမည် | ၂၂ |
| ၆။ | လူကြီးများ မြန်မာသဒ္ဒါမတတ်ကြပါ | ၂၇ |
| ၇။ | ဦးအုံကြီး ဘွဲ့မရပါ | ၃၃ |
| ၈။ | အလကား အနာယက | ၃၈ |
| ၉။ | အန်ကယ်ကတော့ No ပါ | ၄၃ |
| ၁၀။ | မြို့မညိန်း၊ တူးပို့၊ ဦးမင်းသိန်း... တို့လာပါပြီ | ၄၉ |
| ၁၁။ | ခေတ်သစ်ပြဇာတ် | ၅၆ |
| ၁၂။ | မချလုပ်တာပဲ ကောင်းပါတယ် | ၆၂ |
| ၁၃။ | အင်း ရေးထားလိုက်... အင်း... | ၆၇ |
| ၁၄။ | ကူရှင်ကောင်းတဲ့ကား၊ ပဲခူးကိုလိုက်မလား | ၇၃ |
| ၁၅။ | အသည်းကွဲသူများသတိထားပါ | ၇၈ |


◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အမှာစာ

ကျွန်တော်

စာမရေးနိုင်တော့ပါ။ ကျန်းမာရေးအခြေအနေအရ စကားလည်း ကောင်းကောင်းမပြောနိုင်တော့ပါ။ ယခုစာများသည် Beauty မဂ္ဂဇင်းရှိစဉ် ကာလက အယ်ဒီတာကိုယ်ထိုက်ကြောင့် ရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ အချို့မှာ ခေတ်နဲ့မညီတော့သဖြင့် ထားရစ်ခဲ့ရပါသည်။ ထို့ကြောင့် အယ်ဒီတာကိုယ်ထိုက်နဲ့ မနိုင်ရင်ကာ ထုတ်ဝေပေးသူ စိတ်ကူးချိုချို ကိုစန်းဦးနှင့် မဝင်းမာတို့အား အထူး ကျေးဇူးတင်ပါသည်။ စိတ်ဆင်းရဲခံကာ ဖတ်ကြသော စာဖတ်သူတို့အားလည်း ကျေးဇူးတင်ပါသည်။

နောက်... ကျွန်တော့်ဆိုးမျိုးကိုခံသော မိတ်ဆွေအပေါင်းကိုလည်း ကျေးဇူးတကယ်တင်ပါသည်။ "အာလာပ သလ္လာပ" ဟူသည် အပြန်အလှန် ဖွယ်ဖွယ်ရာရာပြောသော စကား" ဟု မြန်မာအဘိဓာန်က ဆိုထားသောကြောင့်... စာဖတ်သူက ကျွန်တော့်အား ပြန်လှန်စကားဆိုကြပါကုန်။ ကျွန်တော်နားထောင်ပါရစေ။ ဘာမှတော့ ပြန်မပြောနိုင်တော့ပါ။ အားလုံးကို လေးစားပါသည်။

သိမ်းတင်သား

◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# “အုတ်ခဲ” အကြောင်း သိကောင်းစရာ

ကမ္ဘာကျော် ရုပ်ရှင်ဖန်တီးသူကြီး ‘ဂျော့ချ်လူးကပ်’ရဲ့ခေါင်းထဲမှာ ‘ပုဂံ’ ရှိမနေတာဘဲ ခပ်ကောင်းကောင်းပါ။ မဟုတ်ရင်... နဂိုကမှ ဓားထမ်းရှင်းရတဲ့ ရာဇဝင်ကြီးခများ... အခုတော့ သေနတ်နဲ့ ရှင်းရမလားပဲ။ သူ့ဇာတ်ကောင် ‘ဒေါက်တာအင်ဒီယာနာဂျုံး’ ကတော့ လက်ထဲမှာ ‘ကျာပွတ်’ တစ်ချောင်းပဲ ရှိလို့တော်ပါသေးရဲ့ခင်ဗျာ။ ကျာပွတ် (Whip) နဲ့ အားလုံးပြီးတဲ့... အာဃလူ (အူကလာတဲ့ချေး)· ဒေါက်တာဂျုံးတစ်ယောက် ‘ပုဂံ’ ရာဇဝင်သာ သရုပ်ဆောင်ရရင်... သူ့ကျာပွတ်ပဲ သုံးရမလား၊ လျှောင်လှုပ်လို့ ပြိုကျခဲ့တဲ့ ဘုရားကွမ်းတောင်ထဲ ထည့်မြှုပ်ထားတဲ့ Conduit ကွန်ဂျူပိုက်/ ပလတ်စတစ်ပိုက်နဲ့ များ လိုက်ရိုက်လေမလားပဲ။

ဒုတိယကမ္ဘာစစ်တုန်းက ဟစ်တလာရဲ့ မိတ်ဆွေကြီး ဟိန်းနရစ် ဖော်ဗာရဲ့ တီထွင်ချက်အရ MP40 Schmeisser ဆိုတဲ့သေနတ် ပေါ်ပေါက်ခဲ့တယ်။ ပစ်လိုက်ကြတာ ဝက်ဝက်ကွဲပဲ။ ဒီလိုပဲ ရုရှားကြီး ‘ကလပ်ရှနီကော့ဖ်’ Kalaghnikov ကလည်း AK 47 ကိုထွင်ခဲ့ပြီး ဒီနေ့ထိပစ်ကြ၊ ခတ်ကြတုန်း။ ဂျော့ချ်ဂျေလူဂါ George.J.Luger ကတော့ “နာမည်ကျော် လူဂါပစ္စတို” ကို ထုတ်လုပ်ခဲ့ပြီး James bond/ဂျိမ်း(စ်)ဘွန်း (သို့) လူသတ်လိုင်စင်ရဲ့ ထောက်လှမ်းရေးသမားကို လက်နက်တပ်ပေးခဲ့တယ်။ ဆိုလိုချင်တာက

mgyoe.com

mgyoe.com

တော့... ဒေါက်တာဂျုံးကတော့ ကျာပွတ်ပဲကိုင်တယ်။ သေနတ်မကိုင်ဘူး။ ရှမစ်ဓား၊ လျှူဂါ၊ ကလပ်ရှ်နီကော့ဖ် AY 47၊ ကာဘိုင်း... ဘာမှမကိုင်ဘူး။

ဒီလူနှစ်ယောက် 'မင်္ဂလာဒုံ' လေဆိပ်ကို လာရဲလာကြည့်၊ 'ပုဂံ' ဘုရားမှာသုံးထားတဲ့ ကွန်ကျူ/ Conduit ပိုက်နဲ့ကို ရိုက်ပစ်မှာ။ မြန်မာပြည်က အကြမ်းဖက်သမားတော့မရှိဘူး။ ရိုက်စရာ... ဒါပဲရှိတယ်။ မဟုတ်ရင်... အုတ်ခဲ/ Brick နဲ့ထုမယ်။ အုတ်ခဲဟာ ဘီစီ ၃၀၀၀ ထဲက "အိန္ဒုမြစ်ဝှမ်း" မှာ စတွေ့ခဲ့တယ်။ တိုက်ဂရစ်မြစ်ရဲ့ တောင်ပိုင်းဒေသတွေမှာ... ဘီစီ ၇၅၀၀ ကတည်းက ဖုတ်တာတဲ့။ အခု... မင်္ဂလာဒုံလေဆိပ်မှာ အုတ်ခဲ/ Brick ရတယ်။ ကျောက်ခဲ/ Stonebuilder ရတယ်။ ရလို့ပဲ... "ကြည်လင်း" ဆိုတဲ့ လူသတ်ကောင်ကို မိတာ။ "ကိုနေဝင်း" ဆိုတဲ့ ပုဂ္ဂိုလ်က "ခဲ" နဲ့ထုဖမ်းတာ။ "ဂျော့ချ်လူးကပ်" နဲ့ "ဒေါက်တာဂျုံး" ရေး... "တေးရေး ဦးကျော့မှူး" ရဲ့ "ပုဂံမြို့ဟောင်းတစ်နေရာ" (ဓာတ်ပြား ၄ ပြားတွဲ) က... မရှင်းနိုင်သေးဘူး။ ခင်ဗျားတို့ ဘာလာရှုပ်ဦးမလို့လဲ။ ဒီမှာ... ဦးကိုနီ၊ အောင်ဝင်းဇော်၊ အောင်ဝင်းခိုင်၊ ဆံသဆရာဦးအောင်စိုးတို့နဲ့တင် ခင်ဗျားတို့ရုပ်ရှင်ထက် ကောင်းနေပြီ။ ဒီလိုဖြစ်တာ... နိုင်ငံခြား(အင်ဒိုနီးရှား)က ပြန်လာတဲ့(အာဏာရ NLD ပါတီရဲ့ ဗဟိုကော်မတီဝင်၊ တရားရေးရာ/ ဖွဲ့စည်းပုံရေးရာ) ကျွမ်းကျင်သူ...ဦးကိုနီ (မြန်မာ–မွတ်ဆလင်) ကို "ကြည်လင်း" က သေနတ်နဲ့ကပ်ပစ်တယ်။ ၂၀၁၇ ဇန်နဝါရီ ၂၉ ရက် ညနေမှာ။ သေနတ်က... ရှမစ်ဓား၊ ကလပ်ရှနီကော့ဖ်၊ လူဂါ၊ ပစ္စတို... ဘာမှမဟုတ်ဘူး။ ခြောက်လုံးပြူး (ငါးလုံး ပြူးတဲ့ဗျာ) နဲ့ ကပ်ပစ်တာ။ ပစ်သူ... ကြည်လင်း၊ ပစ်ခိုင်းသူက... အောင်ဝင်းဇော်၊ နောက်ကွယ်ကပါတယ်ဆိုတဲ့ ဒုဗိုလ်မှူးကြီး(ငြိမ်း)အောင်ဝင်းခိုင်... ခုထိမပြီးသေးဘူး။ ဒါတောင်တရားခံကိုမိတာနော်။ ဟော... မလေးရှားမှာ မြောက်ကိုရီးယားခေါင်းဆောင်ဟောင်းရဲ့သားကြီး အလုပ်ကြံခံရတယ်။ မြန်မာပြည်ထက် နောက်ပိုကျပါတယ်။

◆

mgyoe.com

mgyoe.com

## ရောင်ပြ... လစ်ပြီကွ

မြန်မာပြည်မှာ တိုင်းနဲ့ပြည်နယ် ဘယ်နှစ်ခုရှိပါသလဲ။ ခုရော ဘယ်နှခုရှိသလဲ ဒီလိုမေးလာခဲ့ရင် အဲဒီစမ္မခိဋ္ဌာန်မေးခွန်းကို မဖြေလိုက်နဲ့။ ပြန်ပြီးမေးလိုက်စမ်းပါ ကျောင်းကြီးဒကာ။ မေးတဲ့သူကို ပြောတာ။ မင်းသိတာ ဒါပဲလားလို့။ ကိုယ်ပိုင်အုပ်ချုပ်ရေးလိုချင်လို့ သူပုန်ထတာ (၁၉)ဖွဲ့တောင် စာရင်းပေါက်သတဲ့။ နည်းသေးတယ်ကွယ်။ ဘယ်လိုလုပ်ငြိမ်းချမ်းရေး ရမှာလဲ။ မျှသာယူကြပေတော့ကွယ်။ ၁၉ နယ်။ ဒီလိုလား... ဟိုတုန်းကတော့ ဖယ်ဒရယ်မှုတွေ ဘာတွေရှိပါဘူး။ တို့ဖတ်ဖူးတာတော့ တိုင်းကြီး ၉ မျိုး၊ မော်ကွန်းထိုး၊ အုပ်စိုးမြန်မာပြည်ပါကွယ်။ ပြောပြမယ်။ ခေတ်တော့ မီချင်မှ မီမယ်။ ဒီလို...

(၁) **သုနာပရန္တတိုင်း**

လယ်ကိုင်း၊ ဖောင်းလင်း၊ ကလေး၊ သောင်သွတ် စသောနယ်တို့ရှိရာ။

(၂) **တမ္ပဒီပတိုင်း**

ပုဂံ၊ ပင်းယ၊ အင်းဝ၊ မြင်စိုင်း... စသော ပြည်တို့တည်ရာ...။

(၃) **ကမ္ဗောဇတိုင်း**

သီပေါ၊ ညောင်ရွှေ၊ မိုးနဲ... စသောပြည်တို့တည်ရာ။

(၄) **ဇိနိတိုင်း** (သူ့အထဲကအတိုင်းနော် ကိုကို)

mgyoe.com

mgyoe.com


ဗမ်၊ ခွေးလုံး၊ စန္ဒာ... စသော ပြည်တို့တည်ရာ။

(၅) **သီရိခေတ္တရာတိုင်း**

သီရိခေတ္တရာ၊ ဥဒေတရစ်၊ ပန်းတောင်း... စသော ပြည်တို့တည်ရာ။

(၆) **ဓယဝဒ္ဓနတိုင်း**

ကေတုမတီ၊ ဓေယျဝတီ... စသော ပြည်တို့တည်ရာ...

(၇) **ရာမညတိုင်း**

ဟံသာဝတီ၊ ဒဂုံ၊ ဒလ၊ ကုသိမ်၊ ရောင်ပြ(မြောင်းမြ)၊ မုတ္တမ... စသော ပြည်တို့တည်ရာ...

(၈) **ဟရိဘုဥ္စတိုင်း**

ဇင်းမယ်၊ ကျိုင်းသည်... စသော ပြည်တို့တည်ရာ...

(၉) **ခေမာဝရတိုင်း**

ကျိုင်းတုံ... စသော ပြည်တို့တည်ရာ...

(၁၀) **မဟာနာဂရတိုင်း**

ကျုံးရုံ၊ မိုင်းစည် စသော ပြည်တို့တည်ရာ...

(စာ... ၂၁၅၊ အရှင်သြဘာသာဘိဝံသ၊ သုတေသနသရုပ်ပြ အဘိဓာန်) ဘုန်းတော်ကြီးမို့ Up to date မဖြစ်ရင်တော့... မတတ်နိုင်ပေါင် ဗျာ။ ဒါပါပဲ။ ပြောချင်တာက... သပိတ်စုံ၊ သူပုန်ထတဲ့ ကိစ္စမဟုတ်ပါဘူး။ ရောင်ပြ (မြောင်းမြ) ကိစ္စပါ။ 'စကြနန္ဒ' ဘုရားကကြည့်ရင် 'ချေးတုံး' တွေ များနေတဲ့အလှကို တွေ့ရမယ်လို့... ဓာတ်လမ်းပမာ...ကို ဖျက်ဦးမလို့လား ကျောင်းကြီးဒကာ။ ခုဟာက လောက်ဖျားကာလမဟုတ်ပေဘူး။ ပိုတယ်။ ရိုးသားကြိုးစား၊ ဇရာဝတီသား၊ တံတားတွေဆောက်၊ လမ်းတွေဖောက်၊ မြန်မြန်ဆောက်၊ များများဆောက်၊ ပြုတ်ကျကျိုးကျ၊ တို့မကြောက်ဘဲဗျ။

'ရာမည' တိုင်း... ကုသိမ်တွင် (ပုသိမ်တွင်) ကြိုးတံတားအသစ် တစ်စင်းနိုင်ငံတော်က စေတနာနဲ့လုပ်ပေးပါတယ်။ ကုသိမ်(ခုတော့.. ပုသိမ်) ပုသိမ်သားတွေ ဝိုင်းပြီးဆီးရှင်လိုက်ကြတာ (ကျင်ငယ်စွန့်လိုက်တာ)... တံတားက နိမ့်ဆင်းသွားပါရော။ သူတို့ပြောတာနော်။

ရောင်ပြ(မြောင်းမြ)တံတား... ကတော့ ၂၀၁၈ ခု၊ ဧပြီဖူးလ်မှာ

mgyoe.com

ကြက်စာတင်ကားကြောင့် ကျိုးပျက်သွားရှာပြီ။ ပုသိမ်သားတွေက တံတား နိမ့်ရုံပဲ ပေါက်အားသန်တာ။ ပြတ်မကျဘူး။ မြောင်းမြသားတွေ လက်ချက်က... တံတားတောင် ကျိုးကြရရှာပါရောလား။ ထို့ကြောင့်... ရာမညတိုင်းသားတို့သည် 'အပေါက်သန်သည်'ဟု ပြောရပေသတတ်။ မေးခွန်းတောင်... ပြင်မေးရတော့မှာ ကျောင်းကြီးဒကာ။

မြန်မာပြည်ရှိ ကြိုးတံတားများကား သေးဒဏ်ခံနိုင်ရည် ရှိ၊ မရှိ လေ့လာစရာ... လို/မလို တင်ပြပါ... ဟူသတတ်။ ကောင်းကွာ....။ 'လောက်ဖျား'တို့၏ 'ပေါက်အား' ကို သုံးသပ်ပါရန်။ တိုင်းကြီး(၁၀)တိုင်းတွင်... ရိုးသားကြိုးစား၊ ပြင်းအား...သန်သော ရာမညတိုင်းသားများပေတကား။ ခုတော့... လစ်သွားပေပြီ။

မှတ်ချက်။ ။ ပေရယ်ဖူးလ်လုပ်ခြင်းမဟုတ်ပါကြောင်း။

## ဂြိုဟ်တုကျင်စိန်

ပေရယ်ဖူး တကယ်လုပ်သွားတာက... အပြန့်(ခေါက်ဆွဲကြော်ဆိုင်ပိုင်ရှင်) ပါ။ ကိုယ့်ဟာကိုယ်... အေးအေးဆေးဆေး... ဝက်သားသုပ်ရောင်း၊ ဘာဖြစ်မလဲ။ နာရီပြင်ပါလား၊ ကွန်ပါဘူးလုပ်ပါလား။ ဖောင်တိန်လုပ်ပါလား၊ ဝက်အူချောင်းထဲ ယမ်းစိမ်းထည့်နည်း... အနီးကပ် ကျူရှင်ပေး... ဘာဖြစ်ရမှာလဲ၊ ခုတော့... ဂြိုဟ်တုလုပ်သတဲ့။ (လန်ကြောက်ပဲ)အီကြာကွေး မှမလုပ်တော့ဘဲ ဟန်းဖုန်းလုပ်သတဲ့။

## ကိုးကုဋေစုပေါင်းအိမ်ရာ

လုပ်သာလုပ်၊ တရုတ်လုပ်၊ တရုတ်စက်... တစ်ရက်စုတ်ပေါ့။ ခုဟာက.. မကောင်းသူထိပ် ကောင်းသူထိပ်တဲ့။ မြေပြင်က ဘယ်လိုမှ သူ့ဂြိုဟ်တုကို ပြန်ထိန်းသိမ်းဖို့ မဖြစ်နိုင်တော့ဘူးတဲ့။ စက်ပျက်ပြီတဲ့။ ကျချင်ရာကျ။ မင်းခေါင်းပေါ်သာမကျနဲ့။ သပိတ်မှောက်မှာစိုးလို့တဲ့။ ကောင်းရော... (အပြန့်ရေ...) နာမည်က စွတ်ရွတ်မခေါ်လိုက်နဲ့၊ အသံမမှန်ဖြစ်နေမယ်။ မခေါ်ရဲဘူး။ Tiangong-1 တဲ့ဗျား။ ကြယ်ကြွေသလို ကျလာမှာတဲ့။ ကြည့်သာနေ၊ ဘာမှ မဖြစ်ပါဘူးဆိုဘဲ။ သူငယ်ချင်း... (ပန်းချီအေးကို) ဆိုတဲ့ ဖိုးတုတ်လည်း

mgyoe.com


ဒုံးပျံလုပ်မယ် တကဲကဲနဲ့။ သူက မိုးပျံပူဖောင်းရောင်းတဲ့ တရုတ်။ ဟုတ်တယ်လေ... သူတို့တောင်လုပ်သေးတာပဲတဲ့။ အဲဒါ... တစ်နာရီ ကီလို ၂၆၀၀၀ ကျော်နှုန်းနဲ့ကျလာမှာတဲ့ဗျာ။ မန္တလေး–ရန်ကုန် ရထားလမ်းအတိုင်းပဲ။ နယူးဇီလန် သို့မဟုတ် အမေဒစ်ကန်–အနောက်–အလယ်ပိုင်းကို ကျလာပြီဆိုပဲ။ အနောက်ဆိုလည်း အနောက်၊ ခုတော့ အနောက်–အလယ်ပိုင်းတဲ့ ကိုကျင်စိန်။ တရုတ်စက်ဆိုတော့ မြေကျသာပဲ့မလား။ 'တောနစ်ဆိုဖာ' ပဲ ဝွတ်ပါအပြန့်။ ခင်ဗျားဆောက်တဲ့ "မြောင်းမြတံတား" လည်း လစ်သွားပြီ။ ကိုဒေါင်းတို့ခမျာ ဒုက္ခ။ ခု–ဂြိုဟ်တုပျက်ကျပြန်ပြီ။ ခင်ဗျားတို့မှာ သေသေချာချာကောင်းတာဆိုလို့...အစိမ်းကြော်... သာကောင်းတာပါဗျာ။ "အပြန့်ရာ..." ကားဘရိတ်ပေါက်လို့ နတ်စိမ်းတော့ မဖြစ်ပါရစေနဲ့။ ကျေးဇူးတင်တယ်... ဝ...။

## ပုသိမ်အိမ်ရာ (ငါးပြားတန်း)

နိုင်ငံတော်သမ္မတကြီးဟောင်း ဦးသိန်းစိန်ကို မုန့်ဟင်းခါးကျွေးပြီး မျက်နှာလုပ်ချင်သူတွေ ပုသိမ်ကစောင့်နေလေရဲ့။ တကယ်ရှိတာပါ။ ခုဆိုရင် စင်ကာပူလို ဖြစ်နေရှာတဲ့ သမ္မတကြီးရဲ့ ရွှေးကောက်ခံနယ်ကကောင်တွေက ထောင်ထောင်ထောင်ထောင်နဲ့။ ခုတော့... မုန့်ဟင်းခါးသွားစားလဲ... ပါရဲယိုး(ပါဂွဲရိုး)နဲ့၊ ထုံဖုန်းနဲ့၊ ဟွန်ဒါဖစ်နဲ့ ဒေါင်ဖန်းနဲ့...နဲ့။ ကော်ရည်သွားသောက်တာတောင်... သမ္မတကြီးကလည်း ငါတို့ ခနိတန်းရုံးကို လွမ်းနေမှာပဲ လုပ်နေသေးတယ်။ ကြံ/ဖွတ်မဲ... စစ်တပ်မဲ...၊ သိုးမည်းတွေရဲ့... မဲ... ထက်ကျော်ပြီး ဆရာ... သမတဖြစ်သေးတာပဲ၊ ပုသိမ်မှာ သမတကွက်သစ်မျိုးလို သမ္မတကြီးမှ လှူဒါန်းသည်ဖြစ်အောင်... တစ်ခုခုလုပ်ပေးပါလား ဟင်။ ဥပမာ... သမ္မတကန်စွန်းခင်း... ဆိုတာမျိုးပေါ့။ နဂို... ဝန်ကြီးချုပ်လုပ်သွားလို့ ပုသိမ်သားတွေ ချမ်းသာနေပါပြီ။ ဆိုက်ကားတောင် မနင်းကြတော့ဘူး။ ဒီတော့ကာ... သမ္မတကြီးလုပ်ပေးပါ။ စဉ်းစားပါ။

ပုသိမ်တံတားမှာ 'သေး' မပေါက်ရေးတို့။ "YBS" လိုမျိုး... "PBS" တို့၊ 'ပဲ့ထောင်စီမံကိန်း' တို့ 'ပုသိမ်တက္ကသိုလ် နွားနို့ကုမ္ပဏီ' တို့... လုပ်စရာတွေ အများကြီးပါ။ မြို့ဝင်ကြေး၊ ဘီးခွန် အဲ... တံတားတော့ ကြပ်ကြပ်စစ်

mgyoe.com

mgyoe.com


ပေးပါခင်ဗျာ။ "မုန့်ဟင်းခါး" တကယ်မစားဘူးဆိုရင်... ငွေနှစ်သိန်းတော့ လက်ခံပါခင်ဗျာ။ ကန်တော့တာပါ။ လာဘ်ငွေမဟုတ်ပါဘူး။ စကားမစပ် ... 'တာကိုင်းပုစွန်ချဉ်' သိပ်ကောင်းတယ်ဗျာ။ တော်ကြာ... 'ဦးပိုင်' က... ချုပ်သွားဦးမယ်နော်။ 'တာကိုင်း' ဆိုတာ ပုသိမ်တစ်ဖက်ကမ်းမှာရှိတဲ့ ရွာပါ။

သမ္မတ... ဒေါက်တာဘဦး(ပုသိမ်သား)က... 'မြေ'တွေလှူလို့ပုသိမ်မှာ သမ္မတကွက်သစ်တဲ့(ကျွန်တော်တို့နဲ့ သိပ်ဝေးဘူး) ဖြစ်သေးတာ။ သမ္မတ ကုန်စုံဆိုင်တော့... မလုပ်ပါနဲ့ဗျာ။ ဦးသိန်းစိန်က... မုန့်ဟင်းခါးရောင်း သလို... ဆရာက... ကိုးသန်း၊ ကိုးသောင်း၊ ကိုးသိန်း... စတဲ့ရပ်ကွက်တွေရှိ သလို... ကိုးကုဋေ စုပေါင်းအိမ်ရာသာ ဆောက်ပါ။ မြို့သစ်တည်ပေးပါ။ ဒီဘက်ကမ်းမှာပဲလုပ်ပေးပါ။ 'ငါးပြားတန်း' က... သမ္မတကြီးကို ပုသိမ်သား တွေက တောင်းဆိုတာပါ။ အရေးကြီးတာ 'တံတား' မထိုးဖို့ပါပဲ။ နော်.. ကိုကို... နော်။ ပုသိမ်က နာမည်ပေးတာက... ကဗျာဆရာ ကိုအောင်ပွင့်တို့၊ ကိုတိုးဝေတို့ထင်ရ။ အရင်ဝန်ကြီးချုပ်ကြီးက (ကြံ့/ဖွတ်) ကြီးက... ပန်းတင် ကုန်း၊ ပန်းကြို... ရပ်တွေရဲ့ အဆက်ဖြစ်မှာပေါ့... ခု(ကို)ဇော်ဇော်အောင် ဆောက်နေတာ... 'ပန်းဆက်' ဆိုပဲ၊ နိပ်သဟ၊ ဒီတော့... သမ္မတကြီးကိုးသန်း၊ ကိုးသောင်း၊ ကိုးသိန်း... ရပ်ကွက်တွေထက်သာရအောင်... "ကိုးကုဋေအိမ် ရာ" သာလုပ်တော့ဗျာ။ "ကုဋေ ၈၀" တော့ မလုပ်လေနဲ့။ အခွန်ဆောင် ရမယ်နော်။ ကျောတစ်ပြားစာ... တို့ကမ္ဘာပဲဗျာ။ ဓိုးသီး(ဆီးသီး)ဗန်း ပုသိမ် တွင်မရှိပါ။ ပုသိမ်... က... သမ္မတကြီးကို... လေးစားစွာ ဂုဏ်ပြုကြိုဆိုပါ တယ်။ တရားရုံး ခဏခဏပြောင်းတဲ့... ဘီးလစ်စာရေးကြီး သူငယ်ချင်း 'ဦးမင်းဦး' (ကိုရေချမ်း)ကိုသာ... စောင့်ရှောက်ပါသမ္မတကြီးခင်ဗျား။

◆

mgyoe.com

mgyoe.com

## ဘုန်းကြီးတွေ မသိတဲ့ ပါဠိပျက်စာလုံး

မာတင်လူသာထိုက် (...မင်းကိုလူတစ်ယောက်က အဲဒီလိုခေါ်တာကြားလို့... ငါလည်း ကြိုက်သွားတယ်ကွာ၊ ဒါနဲ့ လိုက်ခေါ်လိုက်တာပါ ဒကာ...မာတင်လူသာထိုက်... အနိပ်သားကွ။ ကိုင်း အခုခေတ်စား(တာစား) နေတဲ့စကားကဘာတဲ့... ထမင်းဝအောင်... စားထားပြီးရင်...လက်ဆေး။ မဟုတ်ရင်...အချိုတည်း... ဒါပဲ...မဟုတ်လားကွာ။ မဟုတ်ရင်...ထမင်းစားပြီး... သွေးကျဆေး... သောက်။ ဒါပါပဲ...။ အဲဒါက... ဘုန်းကြီးက ဘုန်းကြီးလို... မနေဘူး။ လျှောက်ပေါက်ကရတွေပြောတယ်၊ ဘုန်းကြီးဘဆင့် (တို့ပုသိမ်မှာတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ လောက်က... တစ်ကိုယ်တော်ပြဇာတ်ကတဲ့၊ ကွက်စိပ်ဟောတဲ့... စကားပြောဇာတ်တွေ မြေဝိုင်းပေါ်ခင်းတဲ့ "ကိုဘဆင့်" ဆိုတာ ရှိဖူးတယ်။ ခုတော့... ဆုံးပါးသွားပါပြီ။ Performer ပေါ့ကွာ။ Performance အစ ကိုဘဆင့်ကပေါ့ကွယ်။ ခု နှစ် ၄၀ကျော်မှ 'ဘုန်းကြီးဘဆင့်' ပေါ်လာတာတဲ့ကွာ။ အဲဒါတရားစွဲနဲ့ တရားပွဲ မှားလိုမှား... ဘုန်းကြီးနဲ့ ဘဆင့်မှားလိုမှားနဲ့ကွာ။ တစ်ယောက်တည်း (အဲ... သင်္ကန်းနဲ့ဆိုတော့) တစ်ပါးတည်းကို... ရှုပ်နေတာပဲ။ ဒီ...ကိုယ်တော်က... စာတတ်ကိုယ်တော်ပဲ။

မာတင်လူသာထိုက်... မင်း... ထမင်းဝအောင်... စားပြီးရင်

mgyoe.com

mgyoe.com


ကိုယ်တော့်ကို မေးကြည့်ပါလား... ဝါမဝင်ခင် မေးကွာ။ ဝါကျွတ်မှတော့ မလုပ်နဲ့။

တုန်ကယော... အယုစ္ဆဆေ...ဆိုတာ ဘာလဲလို့...။ ပြီးတော့... မင်းလည်းထမင်းဝအောင်စားပြီး... မှတ်ထားဦး။

"တုန်ကယော... အယုစ္ဆေ" ဆိုတာ... ဘာမှမဟုတ်ဘူးဟေ့။ မှော်ဘီ ဆရာသိန်းရဲ့ အရှုးလွယ်အိတ်စာတန်း(တမ်း)ထဲမှာ ပါတာပါ။

**"ဟိ ဓာလေ ဟေးဟေးယျုံ"** လိုပဲ... မှတ်ထား။ "ထမင်းတစ်လုတ်၊ တုတ်တစ်ချက်" ဖြစ်နေဦးမယ်... မသေမချင်းမှတ်ထား။

**"တောကယုန်... အရေဆုတ်"** ပါပဲကွာ... မာတင်လူသာထိုက်ရယ်။ မင်း... ထမင်းတော့... ဝအောင်စားတတ်ပြီး... ဒါကျတော့...မသိ။ ပိဋကတ်သုံးပုံမှာ... မရှိဘူး၊ မရှာနဲ့... Debate ပဲရှိတယ်။ ဟား ဟား...။

ဟိ = တံငါတို့သည်

ဓာလေ = ပိုက်ကုန်အား

ဟေးဟေးယျုံ = ဆွဲကုန်၏... လို့ အနက်ပေးသတဲ့။ ဘာမှလည်း အဓိပ္ပာယ်မရှိတဲ့စကားလုံး။ ဘုရားဟောလည်းမဟုတ်ဘူးတဲ့... မောင်။

## "ထမင်းစားဂါထာ"

ငါမင်းစာထုတ်ဝေတဲ့... ဆရာမောင်ကြည်သစ်ရဲ့ "အယာတိုလာ မောင်ကြည်သစ်"(တို့ဆရာ... ဒဿနိကပါမောက္ခ အငြိမ်းစားကြီး) နိုင်ငံရေး ဒီဘိတ်/ Political Dabate ကိုမြည်းကြည့်မိတယ်ကွာ။ ကောင်းလိုက်/ တန်ဖိုးရှိလိုက်တာ။ မင်းကို... ကျေးဇူးတင်တယ်ကွာ။ ဒီအထဲက... **နိုင်ငံရေးနဲ့ ဘာသာရေး...** ကိုလည်း ဖတ်မိရော... တို့လူတွေ ဒါတော့သိထား သင့်တယ်ဆိုပြီး ဒီစာတိုတိုလေး ရေးလိုက်မိပါရောကွာ။

ဘာသာရေးဆိုတာ လူသားတွေရဲ့ ပုဂ္ဂလိကစိတ်ပိုင်းဆိုင်ရာ အဇ္ဈတ္တနယ်ပယ်ထဲမှာပဲ ရှိသင့်တာကြောင့် ဘာသာရေးခေါင်းဆောင်တွေကို နိုင်ငံရေး စကားပြောရင်... သင့်တော်ပါ့မလား။ ကနေ့လို ယဉ်ကျေးမှုပေါင်းစုံ ရောပြွမ်းနေတဲ့ လူ့အဖွဲ့အစည်း (Muti-Cultured Society)မှာ ဒီမိုကရေစီ နည်းကျ ရွေးချယ်တင်မြှောက်ထားတဲ့ နိုင်ငံရေးသမားတွေကပဲ နိုင်ငံရဲ့

mgyoe.com

mgyoe.com


နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပေါ်လစီတွေကို ချမှတ်ပြီး ဟောပြောသင့်တယ်မဟုတ်ပါလား။

"နိုင်ငံရေးနဲ့ ဘာသာရေးကို မခွဲခြားသင့်" ဆိုတဲ့ ခေါင်းစဉ်နဲ့ စကားစစ်ထိုးကြမှာဖြစ်တယ်။ အဲဒီစာအုပ်ထဲမှာပါတဲ့ ခေါင်းစဉ်တွေထဲက...

## အဆိုတင်သူ(၁)

'နိုင်ငံရေးနဲ့ ဘာသာရေးကို မခွဲခြားသင့်' အဆိုကို ထောက်ခံပြီး ဆွေးနွေးတင်ပြပါ့မယ်။

မကြာသေးမီ ကာလကမှ ပေါ်လာတဲ့သဘာဝမကျတဲ့ အယူအဆဖြစ်ပါတယ်။ ရှေးပဝေသဏီကာလက ပေါ်ထွန်းခဲ့တဲ့ ဟီးဗရူးပရောဖက်ပုဂ္ဂိုလ်ကြီးတွေကနေပြီး ယေရှုခရစ်တော်နဲ့ တမန်တော်မိုဟာမက်တို့အထိ ဘာသာရေး ခေါင်းဆောင်ကြီးတွေဟာ စိတ်ဝိညာဉ်ဆိုင်ရာ တိုးတက်မှုတွေကို လူမှုပြောင်းလဲမှုတွေနဲ့ ဆက်စပ်ဖြစ်ပေါ်စေခဲ့တယ်။ ဘာသာရေးခေါင်းဆောင်ကြီးတွေဟာ တိုက်ပွဲဝင် ဟောပြောပြီး လက်တွေ့လည်း ကျင့်သုံးခဲ့ကြတယ်။ ဒါကြောင့် ဘာသာရေး အဖွဲ့အစည်းတွေ၊ ဘာသာရေးခေါင်းဆောင်တွေဟာ နိုင်ငံရေးရပ်တည်ချက်ကို ခိုင်ခိုင်မာမာစိုက်ထူပြီး နိုင်ငံရေးကိစ္စတွေမှာ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်သင့်တယ်လို့ ယူဆပါတယ်။ တကယ်တော့ လူသားတစ်ဦးချင်းစီရဲ့ ပုဂ္ဂလကိုယ်ကျင့်တရားတို့၊ ပုဂ္ဂလဘာသာရေးတို့ဆိုတာ မရှိပါဘူး။ ဘာသာရေးရော ကိုယ်ကျင့်တရားပါ လူ့အဖွဲ့အစည်းရဲ့ လူမှုရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် အရေးပါလှပါတယ်။

## ချေပသူ(၁)

လုံးဝ ကန့်ကွက်ပါတယ်။ တကယ်တော့ ဘာသာရေးနဲ့ နိုင်ငံရေးဆိုတာ တစ်ခုနဲ့တစ်ခု ဘာမှမသက်ဆိုင်တဲ့ သီးခြားနယ်ပယ်တွေဖြစ်ပါတယ်။ ဘာသာရေးဆိုတာ လူသားတွေရဲ့ ပုဂ္ဂလိကကိုယ်ရေးကိုယ်တာဆိုင်ရာ ကိုယ်ကျင့်တရားနှင့် စိတ်ဝိညာဉ် (ဝါ) နာမ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ဖြစ်တယ်။ နိုင်ငံရေးဆိုတာကတော့ လူ့အဖွဲ့အစည်းရဲ့ လောကီ

mgyoe.com

mgyoe.com


ရေးရာ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးတွေနဲ့ ဆိုင်ပါတယ်။ မနေနိုင်လို့ ဝင်ပါရင်လည်း ကိုယ့်ကိစ္စမဟုတ်လို့ မကျွမ်းမကျင်ဖြစ်ပြီး တလွဲတချော်ဖြစ်သွားပါလိမ့်မယ်။ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ နိုင်ငံရေးသမားတွေက ပေါ်လစီတွေချ၊ စီမံကိန်းတွေ ရေးဆွဲချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ရမယ့် ကိစ္စတွေဖြစ်တယ်။ ဒါကြောင့် နိုင်ငံရေးထဲမှာ ဘာသာရေးဝင်ရောက်စွက်ဖက်လို့ မရနိုင်ပါဘူး။

**အဆိုတင်သူ (၂)**

နှစ်ပေါင်း သုံးထောင်လောက်ကတည်းက ရဟူဒီဘာသာရေးခေါင်းဆောင်တွေဟာ လူလူချင်း ကျွန်ပြုတာကို တားမြစ်ခဲ့ကြတယ်။ အိန္ဒိယမှာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ပေါ်ထွန်းခဲ့တဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ဒေသနာတော်တွေမှာလည်း အမျိုးဇာတ် (Caste) ခွဲခြားတဲ့စနစ်ကို လက်မခံတာတွေကို တွေ့ရပါတယ်။ ခေတ်သစ်ပိုင်းလူ့အခွင့်အရေး ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဂန္ဒီတို့၊ မာတင်လူသာကင်းတို့ရဲ့ ဟောပြောချက်တွေမှာ ဘာသာရေးအနှစ်သာရတွေ ပါဝင်နေပြီး လူ့အဖွဲ့အစည်း ပိုမိုတိုးတက်ကောင်းမွန်ရေးကို ရှေးရှုခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

**ချေပသူ (၂)**

လူ့အဖွဲ့အစည်းအတွက် အင်မတန်အန္တရာယ်ကြီးလှပါတယ်။ အတိတ်ကာလတွေတုန်းကတော့ ဘာသာရေးနဲ့ နိုင်ငံရေးဟာ အဆက်အစပ်ရှိခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ အခုလို ခေတ်သစ်ကာလမှာတော့ အဆက်အစပ်ထားဖို့ အခြေအနေမပေးတော့ပါဘူး။ သူ့နယ်၊ ကိုယ့်နယ် စည်းခြားပြီးနေမှ အဆင်ပြေမှာပါ။ ဆင်းရဲသား အောက်ခြေလူတန်းစား ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာသာရေးက ဆောင်ရွက်လို့မရပါဘူး။ ဒါဟာ နိုင်ငံရေးသမားပုဂ္ဂိုလ်တွေနဲ့ လုံးဝသက်ဆိုင်တဲ့ ကိစ္စသာဖြစ်ပါတော့တယ်။

**အဆိုတင်သူ (၃)**

ဘာသာရေးခေါင်းဆောင်တွေဟာ နိုင်ငံရေးပါတီတွေ စီးပွားရေး

mgyoe.com

mgyoe.com


ကုမ္ပဏီတွေနဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ယူထားသူတွေ မဟုတ်ဘူး။ အဲဒါတွေအပေါ် မှီခိုပြီး ရပ်တည်နေသူတွေလည်း မဟုတ်ဘူး။ တရားဓမ္မကို နှလုံးသွင်းပြီး လွတ်လွတ်လပ်လပ် ရပ်တည်နေနိုင်ကြသူတွေလည်း ဖြစ်တယ်။ ဒါကြောင့် ဒီလိုပရိယာယ်များပြီး ရှုပ်ထွေးလှတဲ့ ခေတ်သစ်နိုင်ငံရေး ယန္တရားကြီးထဲမှာ ပညာရေးအရရော၊ စီးပွားရေးအရပါ နိမ့်ပါးနေတဲ့ ပြည်သူတွေ ညပ်ပါမသွားရအောင် အကာအကွယ်ပေးပြီး သွန်သင်လမ်းညွှန်ဖို့အတွက် လွတ်လပ်တဲ့ ဘာသာရေးသမားတွေ၊ ဘာသာရေး ခေါင်းဆောင်တွေ အလွန်လိုအပ်ပါတယ်။ ဘက်လိုက်တတ်တဲ့ နိုင်ငံရေးသမားတွေ တတ်နိုင်တဲ့ကိစ္စမဟုတ်ဘူး။ သမာသမတ်ရှိတဲ့ ဘာသာရေးခေါင်းဆောင်တွေသာ လုပ်နိုင်တဲ့ကိစ္စဖြစ်တယ်။ နာမကျန်းဖြစ်နေတဲ့ လူ့အဖွဲ့အစည်း ထူထူထောင်ထောင်ဖြစ်လာအောင် လမ်းညွှန်ကုသပေးခဲ့တဲ့ နမူနာတွေဟာ ဘာသာတရားတိုင်းမှာ ရှိပါတယ်။ ဒါကြောင့်မို့ နိုင်ငံရေးနဲ့ ဘာသာရေးဟာ ဘယ်လိုမှခွဲခြားလို့မရအောင်ကို ဆက်စပ်နေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

## ချေပသူ(၃)

ဘာသာရေးခေါင်းဆောင်တွေဟာ လောကီရေးရာ ပါတီအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေနဲ့ ဘာမှမသက်ဆိုင်ဘူးလို့ ဆိုနိုင်ပေမဲ့ သူတို့နဲ့သက်ဆိုင်ရာ ဘာသာရေး အဖွဲ့အစည်းတိုင်းမှာရှိတဲ့ ပြည်သူလူထုဟာ ဘာသာရေးတစ်မျိုး သို့မဟုတ် အယူဝါဒတစ်မျိုးကို ယုံကြည်ကိုးကွယ်ကြသူတွေ ဖြစ်လေတော့ လူထုအပေါ်မှာ ဘာသာရေးခေါင်းဆောင်တွေရဲ့ ဩဇာဟာ အင်မတန်ကြီးမားပါတယ်။ ဒါကြောင့်လည်း နိုင်ငံရေး အစွန်းရောက်သမားတွေဟာ ဘာသာရေးခေါင်းဆောင်တွေကို အပိုင်စီးထိန်းချုပ်ပြီး အစွန်းရောက်ဘာသာရေးအယူအဆတွေကို သူတို့ရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ထဲ အသုံးချနေကြတယ်။ ဘာသာရေးသဘောတရားအရ ပုံသေချမှတ်ထားတဲ့ ကျင့်ဝတ်တွေလည်း ရှိပါတယ်။ တချို့ကျင့်ဝတ်တွေဟာ အံမဝင်တာတွေ ရှိပါတယ်။ ပုံသေဆန်တဲ့ ဘာသာရေးဟာ စေ့စပ်ဖျန်ဖြေရေးနဲ့ လက်တွေ့လောကီအကျိုးစီးပွားတိုးတက်ရေးကို အဓိကထားတဲ့ နိုင်ငံရေးနယ်ပယ်မှာ ပါဝင်စရာနေရာမရှိပါ။ အတင်းပါဝင်စွက်ဖက်ရင်လည်း အဆင်ပြေအောင်မြင်မှာ

mgyoe.com

mgyoe.com

မဟုတ်ပါဘူး။ ပြည်သူလူထုက ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံရတဲ့ နိုင်ငံရေးခေါင်းဆောင်ကသာ ပြည်သူလူထုကို ပြန်ပြီး တာဝန်ခံနိုင်မှာ ဖြစ်ပါတယ်။ ဘာသာရေးခေါင်းဆောင်ဟာ ပြည်သူလူထုကို တာဝန်ခံလို့မရနိုင်ပါဘူး။ ဝင်ပြီးခြေမရှုပ်ကြဘဲ အဓိကသက်ဆိုင်တဲ့လူသားတွေရဲ့ ကိုယ်ကျင့်တရားမြင့်မားရေးနဲ့ အဇ္ဈတ္တနာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးကိစ္စတွေကိုသာ အာရုံစိုက်ပြီး လုပ်ဆောင်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။

ကိုင်း... မင်းထုတ်တဲ့မင်းစာအုပ်ကို အပြည့်အဝဖတ်ပြီးပြီဖြစ်တဲ့ မင်း...ထမင်းဝအောင်... စားနိုင်ပါပြီကွယ်။ အစာတော့... ကြေပလေ့စေနော်။

ကိုးကား
Political debate
နိုင်ငံရေးဒီဘိတ်
မောင်ကြည်သစ်

ကဲ... မ–ဟ–နတို့ မ–ဘ–သ တို့ 'စည်းရိုး' ထိုးထားတို့ ကျွန်တော်မပြောပါဘူးဗျာ။ နော်... ကိုကိုနော်။ တရားဟာ တရားပဲဗျာ။ ကိုယ့်အလုပ်... ကိုယ်လုပ်ကြပါကွယ်။

**အိုကေ... ဆရာတင်ရေ...**

"အင်းယားက 'ရေ' ကိုယူ× × × မီးရထားနဲ့ တင်ဖို့ကြံတယ်× × × " တန်ဆာခက ၃၀၀/–လောက်တော့× × × ယူမှာကေန်× × × ကြံကြံဖန်ဖန် ရန်ကုန်သူ× × × သင်္ကြန်ရေပက်မယ့်× × × ရန်ကုန်သူရယ် ဂျိုးဖြူပိုက်က(ချေး)များ× × × တယ်× × × ခုယူ× ×

လို့များ... နန်းတော်ရှေ့ဆရာတင်ခများ... သင်္ကြန်အမီ ဝင်...ရေခပ်... လေလားပဲ...ကိုယ်ထိုက်။ Note ထဲတော့... အသံမဝင်ဘူးပေါ့ကွာ... ဂျိုးဖြူပိုက်... လို့ '54 32' ကို အသံထွက်ရပေမပေါ့။ "ဖူးကြီး"ဆိုရင်တော့... 54 32 နဲ့ အံကျပေပ။ ကွယ်... ဘာပဲဖြစ်ဖြစ်... pH7 ရှိကိုရှိရမယ်။ <7 ဆိုရင်... Less than 7) ဆိုရင် Acidity ph7 ထက်နည်းနေရင်... အက်စစ်၊ pH7 ထက် Greater than ဖြစ်နေရင် Alakali အယ်လ်ကာရီ... အခြေအနေကွ။

mgyoe.com

mgyoe.com


ခုဟာက... ဂျိုးဖြူရယ်၊ လော့်ကားရယ်၊ ဖူးကြီးရယ်က... အထူးသဖြင့် 'ဂျိုးဖြူ ရေ' က... မစင်ပါ/မပါ... မြို့နယ် ၄ မြို့နယ်... ရေနမူနာ ၈ ခုကို မနေနိုင်တဲ့ လူတွေက (ရေခဲချောင်းလုပ်ရောင်းသူတွေက) စမ်းကြည့်တော့... ရေနမူနာ ၃ ခုမှာ 'ဗက်တီးရီးယား' ကောင်ရေ(ကိုယ်ထိုက်ရယ်... မင်ရောင်ပါပါ သိတာ က... ရေညှောင့်ကောင်ရယ်ပါ) သတ်မှတ်ချက်ထက်များနေပါသတဲ့။ e-coli (e-mail မဟုတ်ဘူးဆရာ)က မတွေ့ရသလောက်ပါပဲတဲ့။ ဆိုတော့... (ချေး)မရှိပါဘူးပေါ့။ ရေခဲရေ... သောက်လို့ရတယ်ပေါ့ကွယ်။ 'စမ်းချောင်း' ကတော့... ဆိုးဆိုးဝါးဝါး ဘက်တီးရီးယားတွေ တွေ့ရသတဲ့။ 'သဘင် ကိုလေး' (ဝါ) ဦးမင်းလွင်ကြီး... သတိထားနော်။

မန္တလေးသွား... ဝက်ခုတ်(အဲ... သကြံန်ကြမယ့်)အဆိုတော်တွေ... ရန်ကုန်က ရေကိုယူသွား။ ဘာမှမဖြစ်ဘူး။ အိုကေ... တယ်။ တော်ကြာ... မန္တလေးကျမှ... ရေသန့်ဝယ်ချိုးနေရဦးမယ်နော။ မန္တလေးကျုံးရေက... ဓာတ် မခွဲရသေးဘူးနော်။ ဒါပဲ... နန်းတော်ရှေ့ဆရာတင်ပြောတိုင်း 'အင်း' မလိုက် စမ်းပါနဲ့မောင်။

## 'ဂျုံး'ဝေါ့ကာ... ဆို... လုံးဝမကြိုက်ဘူး'

မာတင်လူသာထိုက်... မင်း အရက်အကုန်ကြိုက်တယ်နော်... 'ပင်လယ်' မှ သည် 'ဟင်နက်ဆီ' အထိ... အကုန်ကြိုက်တယ်မဟုတ်လား။ ခု... လူကုံထံတွေသောက်နေတဲ့ 'ဗယ်လင်တိုင်း' တို့၊ ကိုဂျက်(ဂျက်ဒဲနီယယ်) တို့၊ ဘလက်(ခ်)လေဘယ်၊ ဂိုးလ်လေဘယ်၊ ရက်ဒ်လေဘယ်၊ ဘလူး လေဘယ်... တို့စတဲ့... ဘိလပ်နဲ့ အမေဒစ်ကန်... ဝီစကီတွေလည်း ကြိုက် မဟုတ်လား။

အခုဟာက... လူတော်တော်များများ... မကြိုတ်လိုက်နဲ့ ကြိတ်လိုက် ရင် Black Label, Jonnie Walker... ပဲ။ မလျှော့ဘူးနော်။ မင်းလည်းပါ တာပဲ။ ထစ်ခနဲရှိ... ဂျော်နီ... ပဲမဟုတ်လား။ သူ့ဟာသူ...ငါကြွားဖူးတယ် (ယိုးဒယားနဲ့ လာအို... နယ်စပ်က လုပ်တာတဲ့၊ အတုတွေတဲ့၊ Franchise... လုပ်ထားတာတဲ့... မောင်ရင်... ကြိတ်တာပဲမဟုတ်လား။ အဝင်ကကောင်း တာကိုး။ သူ့ဟာသူ... ဘယ်မှာလုပ်လုပ်၊ ဘာတွေ... ပါပါ။ အဝင်ကောင်း

mgyoe.com

mgyoe.com


ရင်... ဝီစကီပဲမဟုတ်လား။

အခု... ငါ့အမေ(ကွယ်လွန်ရှာပြီ) မသိတော့တဲ့ "ဂျော်နီဝေါ့ကာ ဘလက်(ခ်)လေဘယ်(လ်)က... တစ်လုံးကို ၃၄ ဒေါ်လာနဲ့ပုလင်း နှစ်သိန်းခွဲ စထုတ်ပြီး၊ ရောင်းရသမျှထဲက... တစ်လုံးရောင်းရတိုင်း ၁ ဒေါ်လာနှုန်း အမျိုးသမီးအဖွဲ့တွေကို လှူမယ်တဲ့။ တို့ဆီက... "လင်မနိုင်မမများ"လည်း ရပေမပေါ့။ ကိုယ်ထိုက်... မင်းသောက်ဦးမှာပါကွာ။ Jane Walker တဲ့။ တော်သေးတာပေါ့။ ဂျိန်း(ဂျိမ်း)မို့လို့... Ju (ဂျူးဝေါ့ကာ)ဆိုရင်... ငါတော့.. မသောက်ရဲဘူးကွ။ Jenny (အခု... လူတွေခေါ်နေတဲ့...ဂျဲနီ)ဆိုရင်လည်း... သိပ်မနိပ်ပေဘူး။ ကဲ... Jane Walker... 2 Pags။ နည်းသေးလား... လာမှာ ပေါ့ကွာ။ အေးဆေးပေါ့...ကွာ။

ငါတို့... RUM က ဒီလိုနာမည်မျိုးစုံနဲ့ ထွက်နေတာကြာလှပေါ့။ ဘာအမှတ်အသား/ အရောင်တောင်... မသိတော့ပါဘူးကွာ။ ရောင်စုံ RUM ဆိုတာ... တို့ကစတာပါ။ မှတ်ထား...ကိုဂျော်နီ။

RUM က Version တွေမှ... အများကြီးပါကွယ်။

◆

mgyoe.com

mgyoe.com

## ဘယ်လိုကြည့်မလဲ... ပြော

ကျွန်တော်ဟာ စာရေးပြီး ထမင်းစားတယ်၊ စာဖတ်ပြီး သတ်ပုံပြင်တယ်... ပေါက်ကရ(ဒီလို)လျှောက်ရေးတယ်။ ဒီတော့...

ကျွန်တော့်မှာ ဘာတာဝန်မှမရှိပါဘူး။ မြန်မာစာတိုးတက်ရေးတို့၊ သတင်းလွတ်လပ်ခွင့်တို့၊ ဘာတို့၊ ဘာတို့... ဘာမရှိပါဘူး။ တာဝန်ယူရတဲ့ အလုပ်လည်း မလုပ်ပါဘူး။ ပညာရှင်ကြီးတွေရဲ့ ကျေးဇူးတရားကိုတော့ ရံဖန်ရံခါဆိုသလို ရှာဖွေခဲ့ပါတယ်။ တချို့မိတ်ဆွေတွေဆီကတစ်ဆင့် ထပ်မံအထူးပြုရတာတွေလည်း ရှိခဲ့ပါတယ်။

ကျွန်တော့်အကြောင်းတော့ တော်လောက်ပါပြီ။

ဒီတစ်ခါ ကျန်းမာရေးကြောင့် မွေးရပ်မြေပုသိမ်အပြန်မှာ... သူနဲ့တည့်တည့်တိုးပါတယ်။ ဒီလိုတိုးရင်... သေချာပါပြီ မှတ်စရာတစ်ခုခု ရတော့မယ်ဆိုတာ...။ သူက ကျွန်တော်တို့ရဲ့ အစ်ကိုကြီး၊ ဆရာလည်းဆရာဖြစ်တဲ့ ပုသိမ်တက္ကသိုလ် အင်္ဂလိပ်စာဌာနက၊ ကထိကဦးဝင်းမြင့်ဦးခေါ်တဲ့'ကိုတူး' ပါ။ ကိုတူးက မေးပါတယ်။ 'ဟေ့ကောင်... မင်း...ကျွန်တော့်မမ ပုသိမ်သူထဲက ကိုလေးလွှင်ရေးတာကို သိသလား...' တဲ့။ ကျွန်တော်တို့ကို စာသင်ပေး၊ အရောင်တင်ပေးခဲ့သူတစ်ယောက်... မေးတာကို ကျွန်တော်ခံရပါပြီ။

ကျွန်တော်မမပုသိမ်သူကို ကျကျနနရတဲ့ ပုသိမ်သားကိုမှ ကိုတူးမေး

mgyoe.com

mgyoe.com


တာ... အကြောင်းရှိမယ်ဆိုပြီး... "ဘာလဲ...ကိုတူး..." လုပ်ရတာ ပြန်ပါတယ်။ "မင်း... စံပယ်ကြည့်ကြည့်ရင်လို့ ထင်ထားတာမဟုတ်လား..." "ဟုတ်တယ်လေ... တစ်သက်လုံး ဒီလိုပဲ မှတ်ထားတာလေ"၊ မဟုတ်ဘူးကွ၊ စံပယ်ကပန်းဆိုတော့... ဆက်စပ်လို့ယုတ္တိတော့ တန်ပါတယ်၊ တကယ်က... ငါလည်း အဲဒီစကားလုံးနောက်လိုက်လိုက်တာ... **ဒေါက်တာထင်အောင်ရဲ့ အဘိဓာန်မှာမှ သွားတွေ့တယ်။ အမှန်က... 'စပါးကြည့်ကြည့်ရင် × × × အသည်းနှင့်မယ်အမူ × × × ကွတဲ့။** ဒီလိုပြောလာတော့... ငါတော့ လွဲလောက်တယ်ယူဆပြီး မြန်မာစာ–အင်္ဂလိပ်စာအဘိဓာန်ကို ရှာကြည့်မိပါတော့တယ်။ ဟုတ်ပ... ကိုတူး နားရွက်တစ်ဆုံးနှိုက်ထားတာ။ သူက ဒီလို... စပါးကြည့်ကြည့်... (Steal a Side glance)/ မျက်နှာကို ထောင့်ကပ်၍ မသိမသာကြည့်သည် (မြန်မာအဘိဓာန်၊ စာ... ၉၃)လို့ ဖော်ပြထားပါလေရော။ ဒါနဲ့ ကျွန်တော့်မမ... ပုသိမ်သူ (၆ ထိပ်စည်းကြီးပေါ့ဗျာ) က ဒီလိုမျက်နှာကို ထောင့်ကပ်တာ... ဘယ်လိုကြည့်တာလဲဆိုပြီး... 'အရှင်ဦးသြဘာသဘိဝံသ' ရဲ့ 'သုတေသန၊ သရုပ်ပြ၊ အဘိဓာန်'မှာ 'အကြည့်တွေ ဘယ်နှမျိုးတောင်ရှိနေပါလိမ့်'လို့ ရှာကြည့်မိပါတယ်။ လား... လား ကြည့်ခြင်းကြီး ၅ ပါး၊ ၈ ပါးတစ်နည်းတောင် ရှိပါသတဲ့။ ဓမ္မပဒ အဋ္ဌကထာ၊ ပ–အုပ်၊ ၅၃–၌အကျယ်ကိုရှုပါ။ ဘုရားလောင်းများ လူ့ပြည်ကိုဆင်း၍ သန္ဓေယူခါနီး၌ လျော်၊ မလျော်ကို ကြည့်လေ့ရှိသော... **ကြည့်ခြင်းကြီး ၅ ပါး"** ရှိပါသတဲ့။ ဘုရားကတည့်(ဒဲ့)ပဲ ကြည့်တတ်တာပါ။ စပါးကြည့်မကြည့်တတ်ရှာပါဘူး။ ကောင်းရော... ဒီလို...

၁။ **ကာလ...** ...တက်ကပ်/ဆုတ်ကပ်... **ကာလနှစ်ပါးတွင်...** သက်တမ်းကပ်ကာလကို ကြည့်ခြင်း

၂။ **ဒီပ...** ... ကျွန်းလေးကျွန်းအနက်... တောင်ကျွန်းကို ကြည့်တော်မူခြင်း

၃။ **ဒေသ...** ... တောင်ကျွန်း၏အလယ်ဗဟိုအချက်အချာ ဗောဓိပင်ပေါက်ရာအရပ်ကို ကြည့်တော်မူခြင်း

၄။ **ကုလ...** ... အမျိုး ၄ ပါး...တို့တွင် ဗြာဟ္မဏမျိုးနှင့် မင်းမျိုးကိုသာ ကြည့်တော်မူခြင်း

mgyoe.com

mgyoe.com


၅။ **မာတု အာယုံ ပရိစ္ဆေဒ... ...** ပဋိသန္ဓေယူ၍ မွေးဖွားပြီးနောက် ၇ ရက်ရောက်လျှင် မိခင်သေဆုံးရမည့် အသက်အပိုင်းအခြားကို ကြည့်တော်မူခြင်း

စတဲ့... အကြည့် ၅ မျိုးသာတွေ့ရပါတယ်။ ဒါက... ဘုရားပေကိုး။ ဘယ်ကလာ... စပါးကြည့်ကြည့်မှာတုန်း။

ပုသိမ်သား ကျွန်တော်... နှစ်ပေါင်း ၅၀ ကျော်... မှားလာတဲ့အမှား... (ဟုတ်တယ်လေ)စံပယ်ကြည့်ကြည့်တယ်ဆိုတာပါမှ မပါဘဲ။ "စပါးကြည့်ကြည့်" ပဲ...ရှိတာပါ။ "ကိုတူး"ကြောင့် ဉာဏ်အလင်းပွင့်ခဲ့ရပါတယ်။ စပါးကို ဘာလို့ဒီလိုကြည့်တာလဲ... တို့တော့ မသိတော့ဘူးကွယ်။ ကျေးဇူးပါ... ကိုတူးရယ်။ တစ်ဆက်တည်း... ကျွန်တော့်အမေကြီး(အာဘွား)ဆို/ ဆိုပြတာလည်း သတိရမိပါတယ်။ ဒီလို... **ကမ်းနားက စပါးပုံ ဖားခုံလို့သွား... တာစား(တာစား)ကျော် ဒီစပါး...(..ီး) လုပ်ဖို့လား...** ပါတဲ့။ မှတ်ချက် SAMB တို့ အခုကာလခေတ်ပေါ် SME တို့နဲ့ ဘာမှမဆိုင်ပါ။ (တိန်) "တာစား"ဆိုတာ "အတာကျော်" သင်္ကြန်ကာလကို ဆိုလိုတာပါ။

**သီတာ× × × သီတာ× × × စပါးကြည့်ကြည့်ကွာ**

"ကျွန်တော့်မမပုသိမ်သူ" ထဲက... ကိုလေးလွင်ရေးတဲ့ **"စံပယ်ကြည့်ကြည့်ရင်" (မဟုတ်ဘူးနော်) "စပါးကြည့်ကြည့်ရင်" မှမှန်တဲ့အကြောင်းပြောအပြီးမှာ... နောက်ထပ်... လူတော်ကြီးတစ်ယောက်ကိုလည်း ပြောပြချင်ပါသေးတယ်။** "သီတာနေပါဦး" သီချင်းကိုရေးခဲ့တဲ့ ကွယ်လွန်သူ(ကို)စောဘွဲ့မှူးရဲ့ တကယ့်အကြောင်းပါ။ ဒါလည်း ကိုဘွဲ့မှူး(ကိုယ်တိုင်) တကယ်ပြောပြခဲ့တာပါ။ ကျွန်တော်မညာပါဘူး။ သစ္စာဆိုပါတယ်။ သူကပြောတာ... (အသေးမစိတ်တော့ပါဘူး) "ငါကွာ...ငါ့ကို... ကိုတိုနီ(အဆိုတော်ကြီးဘိုဘိုဟန်)က သီချင်းတစ်ပုဒ် လာအပ်တယ်ကွာ... ဒါနဲ့ ငါလည်း**ကောင်းနေတုန်း**ဆိုတော့... ဒီလိုရေးလိုက်မိရော..."။ "ပူပါတယ်ဆိုမှ× × × ဖိနပ်ကမပါ× × × ခရီးကြမ်းလမ်းခုလတ်မှာ× × × ခိုနားဖို့နေရာရှာ× × × "ဆိုပြီးလေ။ ဒါနဲ့ရေးပြီး ပစ်ထားမိတာ တော်တော်ကြာသွားတယ်ကွ။ ဒါနဲ့ငါလည်း(မကောင်းတော့ဘဲ) မကောင်းတော့တဲ့ ကာလ

mgyoe.com

mgyoe.com


မှာ ဒီသီချင်းကို ဆက်ရေးမိတော့... ငါ့ဟာငါ ဘာမှန်းမသိတော့ဘဲ ဆက်ရေးဖြစ်သွားတော့တယ်။ "ဟိုမှာဟိုမှာ ဇရပ်ပျက်ကြီးတစ်ဆောင်× × × ပြိုပျက်စပြုနေ× × × လူသူမနေ× × × လင်းနို့ငှက်တွေ× × × အသံပေးခြောက်လှန့်နေ× × × အပေါ်ကိုမော့ကြည့်တော့× × × သောက်ရေအိုးစင်တွေ့တယ်× × အပေါ်အိုးထဲမှာ× × × သီတာ× × × သီတာ× × × သီတာကိုသိပ်ချစ်တယ် သီလျက်လား× × × သီတာ× × × သီတာ× × × သီတာ× × × တဲ့ကွ။ သီချင်းက (၂)ပိုင်း။ ငါ...(ကောင်း)တုန်းက ရေးတာတစ်ပိုင်း၊ (မကောင်းတော့မှရေးတာ)တစ်ပိုင်း... ငါလည်း ဘယ်လိုမှ အဓိပ္ပာယ်ဖော်မရတော့ဘူးကွာ... လို့ပြောဖူးခဲ့ပါတယ်။

သူပြောတော့မှ... ဘာအဓိပ္ပာယ်မှမရှိတာ တွေ့ရပါတော့တယ် ဘုရားဒကာ၊ တကယ်ပါ။ ဟုတ်ပ။ "တုံးခုလို့မှ လှမ်းမရရင်× × × ခုန်ပြီးတော့ ခူးမယ်× × × မှတ်ထားကွယ်× × ငါဟာ လုံ့လရှိရမယ်" (လုံ့လရှိရမယ် နော် ကိုယ့်ဟာကိုယ်ပြောနေတာနော်) "တုံးခုလို့မှ လှမ်းမရရင်× × × ခုန်ပြီးတော့ ခူးမယ်× × × မှတ်ထားကွယ်× × × ငါဟာ ယောကျ်ားတစ်ယောက်ဖြစ်တယ်။ ခုမှ ယောကျ်ားဆိုတာ သိရသလားဗျာ။ ဘာမှအဓိပ္ပာယ်မရှိပါဘူးဗျာ။ ဒါလည်း× × × ကိုဘွဲ့မှူးပါပဲ။ မှတ်ထားကွယ်× × × ငါဟာ × × × စပါးကြည့်ကြည့်တတ်တယ်× × × ကမှ အဟုတ်သား။ တိန်။

## တလွဲဆံပင်ကောင်း

ပြိုင်ပွဲဆိုတာကို မြန်မာ–အင်္ဂလိပ် အဘိဓာန်က... Competition, Contest, Tournament, Match ရယ်လို့ အနက်ပေးပါတယ်။ ဘယ်တူနိုင်မှာလည်း... တစ်ခုနဲ့တစ်မျိုး၊ ဥပမာများ... အလှအပပြိုင်ပွဲဆိုရင် Beauty Contest လို့သုံးရပြီး Foot ball Foot ball Match လို့သုံးရတာပါ။ ပြီးတော့ ပွဲအဆင့်ဆင့် ယှဉ်ပြိုင်ရမယ်ဆိုရင်တော့ Tournament ရယ်လို့သုံးရပါတယ်။ ပြိုင်ပွဲတွေရဲ့ နောက်ကွယ်မှာ မက်လုံး (Incentive) ဆိုတာပါကိုပါရပါတယ်။ ဒါမှ ပြိုင်ရကျိုးနပ်တော့မပေါ့လေ။ မက်လုံးကောင်းလေ ပြိုင်ပွဲက ကောင်းလေပါပဲ။ အဲဒီ (မက်လုံး)ကို Sponsored(စပွန်ဆာ)ပေးတာက.. မက်စရာပေးသလို၊ အဲဒီလိုပေးဖို့ရာအတွက် သူလုပ်ချင်တာကိုလည်း အလို

mgyoe.com

mgyoe.com

လိုက်ရတာလည်း ရှိနေမှာပါပဲ။ အထူးသဖြင့်... အနုပညာကိစ္စတွေမှာ ပြဿနာရှိပါတယ်။ သူနဲ့ပြိုင်ဘက်က ဘယ်လို/ဘယ်လောက် တော်တယ် ဆိုတာလည်း အားလုံးကသိပြီးသား၊ ဒါပေမဲ့ "သံဃာအား ဘုရားမလွန်ဆန်သာ" ဆိုသလို One Sim, One Vote ဆိုပြီး 'မဲ' လည်းကောက်လိုက်ရော့ ဘာမှနားမလည်တဲ့ သူတွေက ဒိုင်အဖြစ် ပါဝင်ခွင့်ရကုန်ပြီး သူတို့ကြိုက်တဲ့ သူကို စုပြုပေးလိုက်ကြပါလေရော။ ဇာတ်ပေါင်းတော့... တကယ်ရသင့်ရထိုက်သူက... မရ။ အဲဒီနည်းနဲ့ အနိုင်ကျင့်ရသွားသူကလည်း သူ့အရည်အချင်းအရ အပြင်မှာဘာမှအလုပ်မဖြစ် ဖြစ်ကုန်ပါလေရောလား။ ဘာလို့လဲဆို Sponsor ပေးတဲ့ကုမ္ပဏီ Sim Card ရောင်းရရေးက အဓိကမဟုတ်လား။ မတရားတာတွေ၊ မဖွယ်မရာတွေ ဖြစ်ကုန်ရော။

အနုပညာဆိုတာ... ပြိုင်စရာမလိုဘူး။ လုံးဝကို မလိုဘူး။ ကိုယ့်(ရှိ) သလောက်သာ (ကိုယ့်နည်းကိုယ့်ဟန်)နဲ့(ချ)ပြ၊ ကမ္ဘာ့နယ်ပယ် အနုပညာနယ်ဆိုပါတော့... **ဗင်းဆင့်ဗန်ဂိုးက ပေါလ်ဂေါဂင်ကို မပြိုင်ခဲ့ပါဘူး။ ပီတာတောင်းရှင်းက ဗင်ဟယ်လင်ကို ပြိုင်ခဲ့တယ်လို့ မရှိပါဘူး။ မကြားဖူးပါဘူး။ လိုလည်းမလိုပါဘူး။ ABBA နဲ့ Beegees မပြိုင်ပါဘူး။ အားလုံး ကိုယ့်အထာနဲ့ကိုယ်ပါပဲ။ ခုဟာက... လှယဉ်ကျေးမယ်၊ အဆိုတော်၊ ပန်းချီ...စတဲ့ ပြိုင်ပွဲတွေဖြစ်နေရတာ... နောက်ကွယ်က incentive တွေကြောင့်ပါ။** ပထမဆုသိန်း ၅၀၀၊ သန်း ၃၀၀၊ စီးရီးထုတ်ပေးမယ်၊ နိုင်ငံခြားကိုသွားရမယ်၊ ဝတ်စုံတွေ Sponsor ရမယ်... စသဖြင့်ပေါ့ဗျာ။ ဒီတော့... အနုပညာဆိုတာ ပြိုင်စရာကောင်းလာရတော့တာပေါ့လေ။ ဟော American Idol ဆိုပြီးလုပ်တယ်။ အဲဒါကို တရားဝင်မွေးစားပြီး (ငွေပေးဝယ်ပြီး) Myanmar Idol ဆိုပြီး Sponsor ပေါင်းစုံနဲ့ အလုပ်လုပ်ကြတယ်။ တကယ်တော့ "ဒိုင်" ဆိုတာ ဘယ်လိုမှာလဲ၊ ပရိသတ်က Vote လုပ်ရတာလေ။ I Sim, I Vote ပဲလေ။ Sponsor က အရေးကြီးတယ်လေ။ ဦးသိန်းတန်(မြန်မာပြည်)၊ တင်ဇာမော်၊ မျိုးကျော့မြိုင်၊ အကယ်ဒမီများရှင် ညမင်းသား ရန်အောင်... တစ်ယောက်မှ မလိုပါဘူး။ Sponsor ပဲလိုပါတယ်လေ။ ဒိုင်တွေ ဘယ်လိုဆုံးဖြတ်၊ ဆုံးဖြတ်... နောက်ဆုံးက... ပရိသတ်ရဲ့အဆုံးအဖြတ်။ Vote သာ အဓိက

mgyoe.com

mgyoe.com


ကျတယ်မဟုတ်လား။ ဒိုင်တွေလိုတာပေါ့... ပထမအဆင့် ဝင်ပြိုင်ခွင့်ရဖို့လေ လို့ ပြောမလား။ ပြော။

**ဂီတမှာ မျက်စိအကြား၊ နားအမြင်တဲ့။ ကျွန်တော်ပြောတာ မဟုတ်ဘူး။ ဂီတစာဆို 'စိန်ဝေလျှံ' ပြောခဲ့တာပါ။** ဒိုင်တွေထဲမှာ တောင်... ဦးသိန်းတန်ကလွဲရင်... Uncleတို့က Noပါ။ Noteမရပါဘူး။ အထင်မကြီးပါဘူး။ Tonic SOFAဆိုတာ... အဝေးကြီး။ မလုပ်ပါနဲ့တော့... ပြိုင်ပွဲတွေ။ အလကား "ခေတ်မီဖွံ့ဖြိုးသာယာတဲ့နိုင်ငံကို... သီချင်းဆိုပြိုင်ပွဲ၊ မယ်ပြိုင်ပွဲတွေနဲ့" တည်ဆောက်နိုင်မယ်လို့ ထင်လို့လား။ "အန်ကယ်က တော့... No ပါ"။ မရနိုင်ပါဘူး။ တကယ်တမ်း Sponsor ပေးရမှာက အင်္ဂလိပ်စာပြိုင်ပွဲတို့ Softwareပြိုင်ပွဲတွေမှာပါ။ မတတ်နိုင်ဘူးဆရာ... ကိုယ်ကမှ ပိုက်ဆံမရှိတာ။ အဆိုတော်တွေနဲ့ ခေတ်မီနိုင်ငံတော်သစ်ကို တည်ဆောက်ကြပါစို့။ နည်းနည်းလေးတော့ လွဲနေတယ်။

◆

mgyoe.com